ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၈၂/၂၀၁၇)

| | |
|---|---|
| ဒေါ်စန္ဒာ (အလုပ်ရှင်)<br>ပုလဲအထည်ချုပ်စက်ရုံ၊ အမှတ်(၁၅၆)၊<br>ကျန်စစ်သားလမ်း၊ စက်မှုဇုန်(၄)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦး<br>တိုက်(၈၅)၊ အခန်း(၃၀၂)၊ ဈေးလေးမှတ်တိုင်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ကျန်စစ်သားလမ်း၊ အမှတ်(၁၅၆)ရှိ ပုလဲအထည်ချုပ်စက်ရုံ အလုပ်ရှင် ဒေါ်စန္ဒာနှင့် အလုပ်သမား ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၂၁/၂၀၁၇) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်ဝါဝါခိုင်ပါ အလုပ်သမား (၅၂)ဦးတို့မှ တောင်းဆိုခြင်းခံရသူ ဒေါ်စန္ဒာ(အလုပ်ရှင်) ထံတွင် စက်ရုံအသစ်သို့ မပြောင်းရွှေ့နိုင်သဖြင့် လုပ်သက်အလိုက်နစ်နာကြေးသာရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေးပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးတို့အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၂၁/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၁၇)ဖြင့်ခုံသမာဓိကောင်စီအမှုအမှတ်(၈၂/၂၀၁၇)အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာစောယုဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** စက်ရုံပြောင်းရွှေ့ရာသို့ လိုက်ပါမလုပ်လိုခြင်းအပေါ် ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးက နစ်နာကြေးပေးရန် တောင်းဆိုခြင်းကိစ္စ။

<u>တွေ့ရှိချက်</u>

၆။ အလုပ်သမား ဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးက (၉-၁၀-၂၀၁၇) ရက်စွဲဖြင့် လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားစာတွင် စက်ရုံပြောင်းရွှေ့လုပ်ကိုင်ခြင်းနှင့် လက်ရှိစက်ရုံတွင် အလုပ်မပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိသဖြင့် ကူညီဖြေရှင်းပေးရန် ဖော်ပြခဲ့ပါသည်။

၇။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၁၀-၁၀-၂၀၁၇) ရက်နေ့၊ (၁၂-၁၀-၂၀၁၇) ရက်နေ့နှင့် (၁၇-၁၀-၂၀၁၇ )ရက်နေ့များတွင် ညှိနှိုင်းဖျန်ဖြေရာတွင် အလုပ်သမားများဘက်မှ ထွက်ဆိုချက်များမှာ (၁) စက်ရုံအသစ်ဖြစ်သော တခြားစက်ရုံသို့ မလုပ်ကိုင်နိုင်ကြောင်း၊ ယခင်စက်ရုံတွင်သာ မူလနေရာ၊ မူလရာထူး၊ မူလလုပ်သက်အတိုင်းသာ အလုပ်လုပ်ကိုင်ချင်ကြောင်း၊ (၂) မူလစက်ရုံတွင် လုပ်ကိုင်ခွင့်မရပါက ဥပဒေအတိုင်းနစ်နာကြေးပေးရန် တောင်းဆိုကြောင်း စသောအချက်များဖြစ်ပါသည်။

၈။ အလုပ်သမားများဘက်က ခုံသမာဓိအဖွဲ့သို့ တင်ပြသည့်တောင်းဆိုလွှာပါအချက်များမှာ (၁) လိုင်းရှူပါများမှ (၂၄-၈-၂၀၁၇) ရက်နေ့တွင် စက်ရုံပြောင်းရွှေ့လုပ်ကိုင်ရမည်ဟုပြောရာ သဘောတူညီမှုမရှိသောကြောင့် (၁-၉-၂၀၁၇) ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီမှ ညနေ(၄:၃၀)နာရီအထိ စက်ရုံ၏ ထမင်းစားဆောင်တွင် ညှိနှိုင်းမှုပြုလုပ်ပေးရန် ငြိမ်းချမ်းစွာတောင်းဆိုခဲ့ကြောင်း၊ မန်နေဂျာ ဒေါ်သဇင်

နှင့် ဒေါ်သီတာလွင်တို့ ညနေ(၃:၄၅)နာရီတွင် ရောက်လာပြီး မလိုက်၍မရကြောင်း၊ မလိုက်နိုင်သူများအား လုံးဝတာဝန်မယူဟုပြောခဲ့ကြောင်း၊ (၂) (၈-၉-၂၀၁၇) ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနများမှ တာဝန်ရှိလူကြီး(၃)ဦးနှင့် စက်ရုံတာဝန်ရှိသူများ (၁:၁၅)တွင် အစည်းအဝေးခေါ်၍ စက်မှုဇုန်(၄)ရှိ မြန်မာအေပရယ်အထည်ချုပ်စက်ရုံသို့ လိုက်သွားရန်ပြောဆိုခဲ့သဖြင့် အလုပ်သမားများက သဘောမတူနိုင်ကြောင်းဆွေးနွေးရာ တာဝန်ရှိလူကြီးများက အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းရန်ပြောကြားခဲ့သည်ကို အလုပ်ရှင်၊ အလုပ်သမား သဘောတူညီခဲ့ကြသော်လည်း အလုပ်ရှင်ဘက်မှလိုက်နာခြင်းမရှိဘဲ ညနေ (၆:၀၀)နာရီတွင် မလိုက်နိုင်သောအလုပ်သမားများအတွက် လုံးဝနစ်နာကြေးမပေးနိုင်ကြောင်းပါရှိသည့် စာရွက်အား စက်ရုံဝန်းအတွင်း ကပ်သွားခဲ့ကြောင်း၊ (၃) မြန်မာအေပရယ်စက်ရုံသို့ ပြောင်းရွှေ့ခြင်းအပေါ် လိုက်ပါသူ၊ မလိုက်ပါသူစာရင်းကို (၂၃-၉-၂၀၁၇) ရက်နေ့တွင် စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ထိုးခိုင်းကြောင်း၊ မိမိတို့ (၅၂)ဦးအား ပုလဲအထည်ချုပ်စက်ရုံတွင် အလုပ်မှရပ်စဲလိုက်သည့်အတွက် ပြောင်းရွှေ့လုပ်ကိုင်လိုခြင်းမရှိဟု လက်မှတ်ထိုးခဲ့ကြောင်း၊(၄) (၉-၁၀-၂၀၁၇) ရက်နေ့မှစ၍ မိမိတို့အား အလုပ်ရပ်စဲလိုက်သည့်အတွက် စက်ရုံ၏ထမင်းစားဆောင်တွင်သာ ပုံမှန်အလုပ်ချိန်အတိုင်း ယနေ့ (၂၅-၁၀-၂၀၁၇) ရက်နေ့အထိ ငြိမ်းချမ်းစွာစုပေါင်းတောင်းဆိုမှုပြုလုပ်နေကြောင်း၊ (၅) စက်ရုံပြောင်းရွှေ့လုပ်ကိုင်မည်ဆိုပါက လက်ရှိအလုပ်သမားများနှင့်ညှိနှိုင်းမှုများပြုလုပ်၍ ပြောင်းရွှေ့သင့်ကြောင်း၊ အလုပ်သမားများ၏သဘောဆန္ဒမပါဘဲ တစ်ဖက်သတ်စီစဉ်နေမှုသည် တရားမျှတမှုမရှိဟု ယုံကြည်ကြောင်း၊ (၆) (၉-၁၀-၂၀၁၇) ရက်နေ့မှစ၍ အလုပ်မှရပ်စဲလိုက်သည့်အတွက် ၎င်းနေ့မှစ၍ အငြင်းပွားမှုဖြေရှင်းနေသည့်အချိန်ကာလအတွင်း ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုကြောင်း၊ (၇) လက်ရှိစက်ရုံတွင်သာ အလုပ်လျှောက်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ကာလကြာမြင့်နေခြင်း၊ လုပ်ငန်းခွင်အသားကျနေခြင်းတို့ကြောင့် ပြောင်းရွှေ့လုပ်ကိုင်ရန်ငြင်းဆိုနေခြင်းဖြစ်ကြောင်း၊ (၈) ပုလဲအထည်ချုပ်စက်ရုံအား လွှဲပြောင်းရောင်းချခြင်းနှင့် အလုပ်ရပ်စဲခြင်းကြောင့် ဥပဒေနှင့်အညီအကျိုးခံစားခွင့်များပေးရန်ဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၉။ ခုံသမာဓိအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမားများဘက်မှထွက်ဆိုချက်များမှာ (၁) တောင်းဆိုလွှာပါ (၂၄-၈-၂၀၁၇) ရက်နေ့ အဖြစ်အပျက်၊ (၁-၉-၂၀၁၇) ရက်နေ့အဖြစ်အပျက်နှင့် (၈-၉-၂၀၁၇) ရက်နေ့အဖြစ်အပျက်များကို ထွက်ဆိုကြောင်း၊ (၂) (၁-၉-၂၀၁၇) ရက်နေ့ အဖြစ်အပျက်အရ လိုက်သူလိုက်၊ မလိုက်သူအတွက်ဘာအစီအစဉ်ရှိလဲမေးရာ မရှိဘူး၊ ဟိုဘက်စက်ရုံလိုက်ရမည်ဟု အလုပ်ရှင်ဘက်မှပြောကြားချက်ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သွားရောက်မေးမြန်းရာ ဒီကိစ္စတရားဝင်စာမတင်သေးတဲ့အတွက် အလုပ်ပြန်ဝင်ရန်ပြော၍ (၄-၉-၂၀၁၇)

ရက်နေ့တွင် အလုပ်ပြန်ဝင်ခဲ့ကြောင်း၊ (၃) (၈-၉-၂၀၁၇) ရက်နေ့အဖြစ်အပျက်အရ ဟိုဘက်စက်ရုံ မလိုက်တဲ့သူတွေကိုတာဝန်မယူဘူးဆိုတဲ့စာကိုစက်ရုံထဲကပ်သည့်ကိစ္စအားအလုပ်သမားညွန်ကြားရေး ဦးစီးဌာနသို့မေးမြန်းရာ စာကပ်မှုကိုမသိဘူး၊ တရားမဝင်ဘူးဟုပြောပြီး မလိုက်တဲ့သူတွေအတွက် ရကိုရရမယ်လို့ပြောခဲ့ကြောင်း၊ (၄) (၉-၁၀-၂၀၁၇) ရက်နေ့တွင် ပုလဲအထည်ချုပ်စက်ရုံမှ မြန်မာ အေပရယ်အထည်ချုပ်စက်ရုံသို့ လိုက်ရန်ခေါ်ရာ ကျွန်မတို့(၇၆)ယောက်ထဲမှ (၃၀)ကျော်ကို လိုက်သွားဖို့ ကျွန်မပြောခဲ့၍ လိုက်သွားခဲ့ပြီး၊ ကျွန်မအပါအဝင်(၅၂)ဦးကျန်ရှိခဲ့ကြောင်း၊ (၅) ဆန္ဒပြလျှင် စက်ရုံပုံရိပ်ကျမည်စိုး၍ ထမင်းစားဆောင်တွင် အလုပ်လုပ်ရင်းဆန္ဒပြတောင်းဆိုခဲ့ကြောင်း၊ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းရာ အဆင်မပြေဖြစ်ပြီး၊ ကျွန်မတို့က ပုလဲအထည်ချုပ်စက်ရုံ ထမင်းစားဆောင်တွင် ထိုင်ပြီးဆန္ဒပြနေကြောင်း၊ (၆) ကျွန်မတို့ကို နစ်နာမှုမရှိဘူးဟု အလုပ်ရှင်ဘက်မှ ပြောပါသည်။ ထိုပြောဆိုခဲ့မှုမှာ မဟုတ်ပါ။ လုပ်သက်အလိုက်နစ်နာကြေးမပေးဘဲ ကြန့်ကြာနေအောင် အလုပ်ရှင်ဘက်က ကပ်နေကြောင်း၊ (၇) လက်ရှိစက်ရုံမှာဘဲ အလုပ်လုပ်ချင်ကြောင်း၊ ဒီစက်ရုံမှာဘဲ အုတ်မြစ်ချခဲ့သည့်အတွက် ဒီစက်ရုံမှာဘဲလုပ်ချင်ကြောင်း၊ လက်ရှိစက်ရုံမှာဘဲ အင်တာဗျူးပြီး အလုပ်ဝင်ခြင်းဖြစ်၍ ယခုပုလဲစက်ရုံထဲမှာဘဲ ရှိနေကြောင်း၊ အလုပ်ရှင်က အလုပ်မပေးခြင်းဖြစ်ကြောင်း၊ No Work No Pay မဟုတ်ကြောင်း၊ အလုပ်သမားများက အလုပ်လုပ်ရန် အဆင်သင့်ဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၀။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) ပုလဲစက်ရုံခွဲ လိုင်း(၁၀)၊ (၁၁)၊ (၁၂)မှ အလုပ်သမားများအား ပင်မပုလဲအထည်ချုပ်စက်ရုံသို့ ပြောင်း၍ အတူတကွလုပ်ဆောင်ရမည်ဟုအသိပေးပြောကြားခဲ့ကြောင်း၊ အလုပ်သမားရုံးများသို့လည်း အစီရင်ခံစာပေးပို့ခဲ့ကြောင်း၊ (၂) (၃-၁၀-၂၀၁၇) ရက်နေ့တွင် တာဝန်ရှိသူများမှ စက်မှုဇုန် (၃)သို့ သွားရောက်၍ အလုပ်ပြန်တက်ရန် (၉-၁၀-၂၀၁၇) ရက်နေ့တွင် အားလုံးပြောင်းရွှေ့ကြမည် ဖြစ်ကြောင်း၊ လိုက်ချင်သည်၊ မလိုက်ချင်သည် အပထားပြီး အလုပ်သမားများအတူတူ၊ တန်းတူ အခွင့်အရေးရပြီး၊ လုပ်သက်များလုံးဝပြတ်တောက်ရမည့်ကိစ္စရပ်များမဟုတ်ဘဲ အလုပ်လုပ်စေရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ စက်ရုံပိုင်ရှင်မပြောင်းခြင်း၊ လုပ်သက်ရာထူး၊ လစာ၊ ခရီး(ဖယ်ရီ) ပို့ဆောင်ခြင်းများ၊ မည်သို့မျှ ပြောင်းလဲခြင်းမရှိကြောင်း၊ လုပ်သက်၊ တာဝန်၊ လစာ မည်သို့မျှ လျှော့ချပြောင်းလဲခြင်းမရှိ၊ တန်းတူခံစားခွင့်ဖြင့် စီစဉ်ထားပြီးဖြစ်၍ အလုပ်လုပ်စေလိုကြောင်း၊ (၃) (၉-၁၀-၂၀၁၇) ရက်နေ့တွင် ပြောင်းရွှေ့ခဲ့ရာ အလုပ်သမား(၄၇)ဦးမှ မလိုက်ခဲ့ဘဲ ယခုကဲ့သို့ တိုင်ကြားခြင်းဖြစ်ကြောင်း၊ (၄) မလိုက်နိုင်သည့်အတွက် နစ်နာကြေးပေးရန် တောင်းဆိုရာ တန်းတူ အခွင့်အရေးများပေးပြီး အလုပ်လုပ်စေသည့်အတွက် နစ်နာကြေးမပေးပါဟုတင်ပြခဲ့ကြောင်း၊ အလုပ်ထုတ်ခြင်းလည်းမဟုတ်သောကြောင့် လျော်ကြေးပေးရန်တာဝန်မရှိကြောင်းနှင့် မလိုက်ခြင်း၊ မလုပ်

ခြင်းဖြစ်ပါ၍ မည်သို့မျှ လျော်ကြေး၊ နစ်နာကြေးပေး၍မရကြောင်း၊ လျော်ကြေးပေးရန် ဥပဒေသတ်မှတ်ထားခြင်းမရှိသဖြင့်မပေးနိုင်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၁။ အလုပ်ရှင်ဘက်မှ ခုံသမာဓိအဖွဲ့သို့ တင်သွင်းသည့် ချေပလွှာတွင် (၁) လိုင်းစုပါများမှ ပင်မစက်ရုံဘက်သို့ အလုပ်သမားများပြောင်းရွှေ့လုပ်ကိုင်ရန် အစီအစဉ်ရှိကြောင်း၊ (၂၄-၈-၂၀၁၇) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း၊ ပြောင်းရွှေ့ရာတွင် မည်သည့်ခံစားခွင့်၊ လစာပေးမှုများပြောင်းလဲခြင်းမရှိဘဲ အလုပ်လုပ်ရန်ဖြစ်ကြောင်း၊ (၂) (၁-၉-၂၀၁၇) ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီမှ ညနေ(၄:၃၀)နာရီအထိ ပြောင်းရွှေ့လုပ်ကိုင်ခြင်းကို သဘောမတူ၍ အလုပ်ဝင်မလုပ်ဘဲ ထမင်းစားဆောင်တွင် ထိုင်၍ဆန္ဒပြနေမှုကို ဒေါ်သဇင်နှင့် ဒေါ်သီတာလွင်တို့သွားရောက်ရှင်းလင်းပြောကြားခဲ့ရာတွင် မလိုက်နိုင်သောသူများအား လုံးဝတာဝန်မယူကြောင်းဆိုသော စကားလုံးများပြောကြားခဲ့မှုမရှိခဲ့ကြောင်း၊ (၃) (၄-၉-၂၀၁၇) ရက်စွဲဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ လုပ်ငန်းလိုအပ်မှုအရ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်မည်ဟု အသိပေးအစီရင်ခံခဲ့ကြောင်း၊ (၄) (၈-၉-၂၀၁၇) ရက်နေ့တွင် အထက်ပါဌာနများမှ လူကြီး(၃)ဦးမှ အလုပ်အကိုင်တည်မြဲရေးသည်အရေးကြီးကြောင်း၊ သူဌေးမပြောင်းလဲဘဲ မည်သည့်ခံစားခွင့်မှ ပြောင်းလဲသွားမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း၊ ထိုလူကြီးများရှေ့မှောက်တွင် အလုပ်သမားများပြောင်းရွှေ့ရာ၌ မည်သည့်ခံစားခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာပြောင်းလဲခြင်း၊ နစ်နာခြင်းမရှိစေရဘဲ အလုပ်လုပ်စေခြင်းဟုပြောကြားခဲ့ကြောင်း၊ (၅) မူလစက်ရုံမှ (၀.၄၈)ကီလိုမီတာကွာဝေးပြီး၊ နောက်တစ်လမ်းတွင်တည်ရှိသောစက်ရုံသို့ ပြောင်းရွှေ့ခြင်းအပေါ် အလုပ်သမားများလိုက်ပါခြင်း သို့မဟုတ် မလိုက်ပါခြင်းဆန္ဒကို ကောက်ခံခဲ့ကြောင်း၊ အမှန်တကယ်လိုက်ပါမည့်လူစာရင်းကိုသိရှိစေလို၍ ကောက်ခံခြင်းဖြစ်ကြောင်း၊ အလုပ်သမားများက အလုပ်ရပ်စဲသည်ဟုဆိုခြင်းမှာ လုံးဝ(လုံးဝ)မမှန်ကန်ကြောင်း၊ အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း လုံးဝ(လုံးဝ)မရှိခဲ့ကြောင်း၊ (၆) (၃-၁၀-၂၀၁၇) ရက်နေ့တွင် အလုပ်သမားများအား (၉-၁၀-၂၀၁၇) ရက်နေ့တွင် ပြောင်းရွှေ့အလုပ်လုပ်ကိုင်ရမည်ဟု ပြောကြားခဲ့ကြောင်း၊ (၄-၁၀-၂၀၁၇) ရက်နေ့မှ (၈-၁၀-၂၀၁၇) ရက်နေ့အတွင်း စက်နှင့်တကွ လိုအပ်သောပစ္စည်းမှန်သရွေ့ရွှေ့ပြောင်းပြီး ပင်မပုလဲစက်ရုံဘက်တွင် ပြန်လည်တင်ဆင်ခြင်းကို လုပ်ကိုင်ခဲ့ကြောင်း၊(၇) (၉-၁၀-၂၀၁၇) ရက်နေ့တွင် ပြောင်းရွှေ့လုပ်ကိုင်သူ (၇၃)ဦးရှိပြီး၊ ငြင်းဆန်သူ (၅၁)ဦးရှိကြောင်း၊ (၈) (၁၁-၁၀-၂၀၁၇) ရက်နေ့တွင် စက်ရုံပိုင်ရှင် ဒေါ်စန္ဒာ၊ မန်နေဂျာ ဒေါ်သဇင်နှင့် ဒေါ်သီတာလွင်တို့သည် ဒေါ်ဝါဝါခိုင်ပါ အလုပ်သမားများထံ သွားရောက်ပြီး အလုပ်နေရာရွှေ့ပြောင်းရခြင်းနှင့် မြေရောင်းချသည့်ရည်ရွယ်ချက်မှာ လုပ်ငန်းပိုမိုတိုးတက်အောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ နားလည်ပေးရန်နှင့် အလုပ်အတူတူစုပေါင်းလုပ်ကိုင်ရန် ရှင်းပြခဲ့သလို

အထူးနားလည်မှုပေး၍ အလုပ်မထွက်ဘဲ ဆက်လက်လုပ်ကိုင်ပေးရန်ပြောဆိုခဲ့ကြောင်း၊ No Work No Pay ဖြစ်ကြောင်း၊ အသိပေးစာပေးထားပြီးဖြစ်ကြောင်း၊ ပြောင်းရွှေ့အလုပ်လုပ်ကြရန် အသိပေးနှိုးဆော်လျက်ရှိခဲ့ကြောင်း၊ လုံးဝထုတ်ပယ်ခြင်းမဟုတ်ကြောင်း၊ (၉) ပြောင်းရွှေ့သည့် စက်ရုံသို့ လိုက်ပါအလုပ်လုပ်ခြင်းမရှိဘဲ နေခဲ့ခြင်းအား တစ်နေ့နေ့တွင် မှန်ကန်စွာစဉ်းစားမှုဖြင့် မည်သူမဆို လာရောက်လုပ်ကိုင်စေရန် ခွင့်ပြုဆဲဖြစ်ကြောင်း စသောအချက်များပါရှိပါသည်။

၁၂။ ခုံသမာဓိအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) ၂၀၀၆ ခုနှစ်၌ ဗန်းမော်အတွင်းဝန်လမ်းတွင် မှန်တိုင်းကြောင့်ပြိုသွားသဖြင့် ကျွန်စစ်သားလမ်းသို့ ပြောင်းခဲ့ရပြီး၊ ပြိုသွားသည့်နေရာမှာ Warehouse အဆောက်အအုံပြုပြင်တည်ဆောက်ခဲ့ရာ နေရာပိုရှိ၍ စက်လိုင်း (၃)လိုင်း လုပ်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်ခန့်တွင် အင်အား (၂၀၀)ကျော်ရှိပြီး၊ (၉-၁၀-၂၀၁၇) ရက်နေ့ ပြောင်းရွှေ့ချိန်တွင် (၁၃၀)ကျော်ရှိရာ (၅၂)ဦးက မလိုက်ချင်ဘူးဟု ပြောကြောင်း၊ လုပ်ကြည့်ပြီး မလုပ်နိုင်ဘူးဆိုလျှင် တစ်မျိုးပေါ့။ ရာထူး၊ လစာ၊ ဖယ်ရီ အတူတူဖြစ်၍ နစ်နာတာ မရှိကြောင်း၊ အလုပ်ထုတ်ခြင်းမဟုတ်၍ ယနေ့ (၆-၁၁-၂၀၁၇) ရက်နေ့အထိ Attendance ကောက်တုန်းဖြစ်ကြောင်း၊ (၂) အလုပ်သမားများက မလိုက်နိုင်ဘူး၊ မလိုက်နိုင်သည့်အတွက် နစ်နာကြေးပေးရန် တောင်းဆိုခဲ့ကြောင်း၊ စက်ရုံပြောင်းခြင်းကို မလိုက်သော (၅၂)ဦးကို အလုပ်ထုတ်တာမဟုတ်၊ တန်းတူအခွင့်အရေးပေးသည့်အတွက် နစ်နာကြေးမပေးနိုင်ကြောင်း၊ (၃) နေရာပြောင်းခြင်းကို (၄-၉-၂၀၁၇) ရက်နေ့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနရုံးများသို့ စာပို့ခဲ့ကြောင်း၊ မိမိတို့၏ ဖိတ်ကြားချက်အရ ဦးတင့်နိုင်၊ ဦးချစ်ပေါ်၊ ဦးကျော်မြင့်လွင်တို့လာရောက်ပြီး နေရာပြောင်းသည့်ကိစ္စကို ရှင်းလင်းတင်ပြခဲ့ကြောင်း၊ တစ်လကြိုတင်အကြောင်းကြားပြီးမှ (၉-၁၀-၂၀၁၇) ရက်နေ့တွင် ပြောင်းရွှေ့ခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။

**<u>ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်</u>**

၁၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နှစ်ဖက်စစ်ဆေးချက်အရ အလုပ်သမားဒေါ်ဝါဝါခိုင်ပါ(၅၂)ဦးသည် ပုလဲအထည်ချုပ်စက်ရုံတွင် လုပ်သက်(၄)နှစ်၊ (၅)နှစ်၊ (၆)နှစ် လုပ်သက်ရှိသော အလုပ်သမားများဖြစ်ပြီး၊နှစ်ကာလကြာမြင့်ခြင်း၊ လုပ်ငန်းခွင်အသားကျခြင်းနှင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ကြောင့် စက်ရုံအသစ်သို့ ပြောင်းရွှေ့လုပ်ကိုင်လိုခြင်းမရှိကြောင်း၊

(ခ) အလုပ်ရှင်အနေဖြင့် စက်ရုံပြောင်းရွှေ့လုပ်ကိုင်မည်ဆိုပါက လက်ရှိအလုပ်သမားများနှင့်ညှိနှိုင်းမှုပြုလုပ်၍ လုပ်ကိုင်ပေးသည်ဟု ပြောဆိုဆောင်ရွက်မှုသည် အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ တစ်ဖက်သတ်စီစဉ်မှုဖြစ်ကြောင်း၊

(ဂ) စက်ရုံပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ (၂၀-၁၂-၂၀၁၃) ရက်စွဲပါစာအမှတ် ၄၃/အလ/ခွဲ(၂)၂၀၁၃ (၅၀၂၉) အရ စာပိုဒ် (၅)တွင် အလုပ်ရှင်ပြောင်းလဲမှုမရှိသော်လည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန တည်နေရာပြောင်းလဲလုပ်ကိုင်လျက် နေရာအသစ်သို့ လိုက်ပါလုပ်ကိုင်လိုခြင်းမရှိသည့် အလုပ်သမားများအား သတ်မှတ်သည့် အလုပ်ရပ်စဲမှုနစ်နာကြေးထုတ်ပေးရန် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီမှုပြုရမည်ဟု ညွှန်ကြားထားကြောင်း၊

(ဃ) ယခုစက်ရုံအသစ်သို့ လိုက်ပါလုပ်ကိုင်ရန် ဆန္ဒမရှိသော အလုပ်သမား ဒေါ်ဝါဝါခိုင်ပါ (၅၂)ဦးတို့အား ဥပဒေနှင့်အညီ လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးပေးသင့်ကြောင်း၊

<u>**ခုံအဖွဲ့တွင် ဆောင်ရွက်ချက်**</u>

၁၄။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားစာတွင် (၁) အလုပ်သမားများအား အလုပ်လက်မဲ့ဖြစ်စေမည့် သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးစေမည့် အလုပ်ရပ်စဲမှုမဟုတ်ကြောင်း၊ (၂) ၎င်းတို့၏ မူလအလုပ်သဘာဝအတိုင်း မူလလုပ်သက်၊ ရာထူး၊ လစာများနှင့် ရပိုင်ခွင့်များ ဆုံးရှုံးစေမှုမရှိစေဘဲ အလုပ်ရှင်တစ်ဦးတည်းပင် ပိုင်ဆိုင်သော လုပ်ငန်းသဘာဝတူညီသည့် တစ်မြို့နယ်တည်းတွင်ရှိသော အထည်ချုပ်စက်ရုံတွင် အလုပ်ပြောင်းရွှေ့ခန့်ထားခြင်းသာဖြစ်ကြောင်း၊ (၃) သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူများနှင့်အလုပ်သမားများအား ရှင်းလင်းပြောကြားညှိနှိုင်းခဲ့ကြောင်း၊ (၄) အလုပ်သမားများ ပြောင်းရွှေ့ရန်သဘောမတူရုံဖြင့် အလုပ်ရှင်၏ဆောင်ရွက်ပိုင်ခွင့်ကို တစ်ဖက်သတ်ဆောင်ရွက်သည်ဟု ခုံသမာဓိအဖွဲ့က မှတ်ယူဆုံးဖြတ်ခဲ့ကြောင်း၊ (၅) ပြောင်းရွှေ့မည့်အလုပ်သမားများ၏ ၅၅.၇% မှာ အေးချမ်းစွာပြောင်းရွှေ့လုပ်ကိုင်နေပြီး၊ ဒေါ်ဝါဝါခိုင်ပါ (၅၁)ဦးဖြစ်သည့် ၃၈.၉% သာ မပြောင်းရွှေ့ဘဲ နစ်နာကြေးရလိုမှုတစ်ခုတည်းကိုကြည့်၍ အကြပ်ကိုင်တောင်းဆိုသည်ဟု ထင်မြင်ပါကြောင်း၊ (၆) စက်ရုံပြောင်းရွှေ့လုပ်ကိုင်သည့်အခြေအနေကို ကြိုတင်အသိပေးထားပြီး၊ ၎င်းတို့အား အလုပ်ရပ်စဲခြင်း (Termination) သို့မဟုတ် အလုပ်ထုတ်ပယ်ခြင်း (Dismissal) လုံးဝမပြုလုပ်ခဲ့သဖြင့် နစ်နာကြေးပေးရန်တာဝန်မရှိကြောင်း၊ (၇) တည်ဆဲအလုပ်သမားဥပဒေများတွင်

လည်း လုပ်ငန်းလိုအပ်ချက်အရ အလုပ်သမားအား တာဝန်နေရာပြောင်းရွှေ့ခြင်းကိစ္စများတွင် အလုပ်ရပ်စဲခြင်း သို့မဟုတ် အလုပ်ထုတ်ပယ်ခြင်းဖြစ်သည်ဟုမှတ်ယူ၍ နစ်နာကြေးပေးစေရမည်ဟုဖော်ပြထားသည်ကို မတွေ့ရှိရကြောင်း၊ (၈) ယခုဖြစ်စဉ်သည် အလုပ်ရှင်၏ သာတူညီမျှမှုဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ဟုဆိုနိုင်ပြီး၊ ပြောင်းရွှေ့လုပ်ကိုင်မည့်စက်ရုံတွင် စမ်းသပ်လုပ်ကိုင်ကြည့်ပြီး မိမိ၏အခွင့်အရေးများယုတ်လျော့ဆုံးရှုံးပါက အလုပ်ရှင်မှတာဝန်ယူမည်ဖြစ်သည်ဟု တင်ပြချက်များကို အမှန်တကယ်လေ့လာသုံးသပ်၍ ဆုံးဖြတ်ထားခြင်းမရှိကြောင်း စသောအချက်များပါရှိပါသည်။

၁၅။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမားဘက်မှထွက်ဆိုချက်များမှာ (၁) အလုပ်ရှင်ဘက်မှ နို့တစ်စာကြိုတင်ကပ်ခြင်းမရှိ၍ နို့တစ်ကြေးကို ခံစားခွင့်ရှိကြောင်း၊ (၂) အမှုရင်ဆိုင်နေသည့်ကာလအတွင်း အလုပ်မလုပ်ရ၍ ခံစားခွင့်နစ်နာကြေးကိုလည်းလိုချင်ကြောင်း၊ (၃) စက်မှုဇုန်(၄)ရှိစက်ရုံတွင် ရေသောက်ရန်အခက်အခဲ၊ အိမ်သာအခက်အခဲ၊ မတူညီသည့်စက်ရုံနှစ်ရုံရှိ အလုပ်သမားများတွင် အဆင်မပြေမှု၊ အုပ်ချုပ်သူကိုမကြိုက်နှစ်သက်မှု၊ လိုင်းအပြောင်းအလဲပြုမည်ကို လက်မခံနိုင်မှု စသည့်အချက်များကြောင့် မပြောင်းလိုကြောင်း၊ (၄) အလုပ်သမား (၃၀)ဦးခန့်အား ပြောင်းရွှေ့ရာတွင် လိုက်ပါသွားရန်ပြောခဲ့သော်လည်း မိမိမှာဖော်ပြခဲ့သည့်အခက်အခဲများကြောင့် မပြောင်းလိုကြောင်း၊ (၅) စက်မှုဇုန်(၃)ရှိစက်ရုံတွင် ဆက်လက်မလုပ်ကိုင်ရ၍ အလုပ်မှရပ်စဲသည်ဟု ထင်ပါကြောင်း၊ (၆) အလုပ်သမားဦးစီးဌာန(၃)ခုမှ လူကြီးများက လိုက်လိုသူများလိုက်သွားပါ။ မလိုက်ချင်သူများ အလုပ်ရှင်နှင့်ညှိနှိုင်းရန်ပြောကြောင်း၊ (၇) အလုပ်ရှင်မှညှိနှိုင်းဘဲ စက်ရုံပိတ်ခြင်းမဟုတ်သောကြောင့် လျော်ကြေးငွေပေးမည်မဟုတ်ဟုစာကပ်ခဲ့ကြောင်း၊ (၈) ဇန်းမော်အတွင်း ဝန်လမ်းတွင်ပင် လုပ်ချင်ကြောင်း၊ စက်မှုဇုန်(၄)တွင် အလုပ်ပြန်မဝင်နိုင်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၆။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်များမှာ (၁) အလုပ်သမားအား အလုပ်ထုတ်တာရပ်စဲတာမဟုတ်ကြောင်း၊ (၂) အလုပ်ရှင်၏အခြေအနေအရ ၎င်းပိုင်စက်ရုံနေရာသို့ပင် ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ အခွင့်အရေးတန်းတူပေးပါကြောင်း၊ (၃) အလုပ်သမားများအား အလုပ်ထုတ်ထားခြင်းမရှိပါကြောင်း၊ အလုပ်လာရောက်လုပ်ကိုင်ရန် တံခါးဖွင့်ထားပါကြောင်း၊ (၄) မူလစက်ရုံနှင့်ပြောင်းရွှေ့သည့်စက်ရုံများမှာ (၅)မိနစ်လမ်းလျှောက်ရသည့် အကွာအဝေးသာရှိပြီး ဖယ်ရီစီစဉ်ပေးပါကြောင်း၊ (၅) စက်ရုံဟောင်းတွင်လုပ်ခဲ့၍ ထိုနေရာတွင်ပင်လုပ်ချင်ပြီး နေရာမပြောင်းရွှေ့လိုသောကြောင့် စက်ရုံပြောင်းရွှေ့လုပ်ကိုင်ရန်ပြောသောအခါက အလုပ်သမားများဘက်က မလုပ်လိုသည်ကိုပြောကြောင်း၊ (၆) မြန်မာအေပရယ်နှင့် ပုလဲအထည်ချုပ်အတွက် သီးခြားခွင့်ပြုမိန့် MIC သို့ တင်ရာတွင် လုပ်သားအင်အားပါဝင်ပြီး၊ ယခုလိုပြောင်းရွှေ့တာကို MIC က ခွင့်ပြုသလားဟူသောမေးမြန်းချက်ကို မြန်မာအေပရယ်သို့ ပြောင်းရွှေ့ခြင်းမဟုတ်ကြောင်း ပင်မပုလဲသို့

ပြောင်းရွှေ့ခြင်းဖြစ်သည်ဟုဖြေကြားကြောင်း၊ (၇) ပြောင်းရွှေ့ရာသို့ (၇၃)ဦးလိုက်ခဲ့ပြီး၊ (၅၁) ဦး ကျန်ခဲ့ကြောင်း၊ (၈) ရပ်စဲတာမဟုတ် အလုပ်ထုတ်တာမဟုတ်၊ တစ်လမ်းကျော်ကို ပြောင်းရွှေ့ လုပ်ခြင်းသာဖြစ်၍ နစ်နာကြေးပေးစရာမလိုကြောင်း၊ (၉) လုပ်ငန်းခွင်တည်မြဲရေး၊ နိုင်ငံ့အကျိုးကို ရှေးရှု၍ လုပ်ငန်းရှင်များလုပ်ငန်းတည်မြဲလိုပြီး၊ အလုပ်သမားများအားတည်မြဲလိုသည့်အတွက် နစ်နာကြေးမပေးဘဲ အလုပ်ဆက်လက်လုပ်ကိုင်စေခြင်းဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၁၇။ စက်ရုံနေရာပြောင်းရွှေ့ရာသို့ လိုက်ပါလုပ်ကိုင်ခြင်းနှင့်စက်ရုံတွင် အလုပ်မပေးခြင်းကိစ္စ အတွက် အလုပ်သမားများကတိုင်ကြားရာမှ စတင်သောအမှုဖြစ်ပါသည်။ သို့ဖြစ်၍ ခုံသမာဓိအဖွဲ့က ချမှတ်ခဲ့သည့် "ဒေါ်ဝါဝါခိုင် ပါ (၅၂)ဦးအား အလုပ်ရပ်စဲနစ်နာကြေး ပေးသင့်/မသင့်" ဟူသော ကောက်ချက်အစား စက်ရုံပြောင်းရွှေ့ရာသို့ လိုက်ပါမလုပ်လိုခြင်းအပေါ် နစ်နာကြေးပေးရန် တောင်းခံခြင်းဟု ကောက်ချက်ချမှတ်သင့်ကြောင်း သုံးသပ်ပါသည်။

၁၈။ အမှုဖြစ်စဉ်အရ (၂၄-၈-၂၀၁၇) ရက်နေ့၊ (၁-၉-၂၀၁၇) ရက်နေ့၊ (၈-၉-၂၀၁၇) ရက်နေ့၊ (၂၃-၉-၂၀၁၇) ရက်နေ့၊ (၃-၁၀-၂၀၁၇) ရက်နေ့၊ (၁၁-၁၀-၂၀၁၇) ရက်နေ့များတွင် စက်ရုံနေရာ ပြောင်းရွှေ့ရာသို့ လိုက်ပါလုပ်ကိုင်မည်၊ မလုပ်ကိုင်မည်နှင့်စပ်လျဉ်း၍ တွေ့ဆုံပြောကြားကြပါသည်။ အလုပ်ရှင်ဘက်မှ တန်းတူအခွင့်အရေးပေးပြီးပြောင်းရွှေ့စေသည့်အတွက် မလိုက်နိုင်မှုကို နစ်နာကြေး မပေးနိုင်ကြောင်း၊ အလုပ်သမားများမလိုက်ခြင်းဖြစ်၍ လျော်ကြေးပေး၍မရကြောင်း တင်ပြခဲ့ပါ သည်။ အလုပ်သမားများဘက်က နောက်ဆုံးလုပ်ခဲ့သည့်စက်ရုံတွင်သာ အလုပ်လျှောက်ထားပြီး တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ကာလကြာမြင့်နေခြင်း လုပ်ငန်းခွင်အသားကျနေခြင်းတို့ကြောင့် ပြောင်းရွှေ့လုပ်ကိုင်ရန်ငြင်းဆိုခြင်းဖြစ်ကြောင်း ပြောင်းရွှေ့လုပ်ရမည့်စက်ရုံတွင် ရေသောက်ရန် အခက်အခဲ၊ အိမ်သာအခက်အခဲ၊ မတူညီသည့်စက်ရုံ (၂)ခုမှ အလုပ်သမားများအတွင်း အဆင်မပြေမှု၊ အုပ်ချုပ်သူကိုမကြိုက်မှု၊ လိုင်းအပြောင်းအလဲ ပြုလုပ်နေရာချထားမည်ကို လက်မခံနိုင်မှု စသော အကြောင်းများကြောင့် မပြောင်းလိုခြင်းဖြစ်ကြောင်း တင်ပြခဲ့ရာ နှစ်ဦးနှစ်ဖက်ကွာဟမှုရှိနေကြောင်း တွေ့ရှိရပါသည်။

၁၉။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ (၂၈-၁၂-၂၀၁၃)' ရက်စွဲပါ ၄၃/အလ/ခွဲ(၂)၂၀၁၃(၅၀၂၉)တွင် အလုပ်ရှင်၏သဘောဆန္ဒအရ အလုပ်သမားအင်အားလျှော့ခြင်း၊ အလုပ်ပိတ်သိမ်းခြင်းနှင့် အလုပ်ထုတ်ခြင်းအပါအဝင် အလုပ်ရပ်စဲခြင်းဖြစ်ပွားစေသည့် အကြောင်း အချက်များအဖြစ် ဖော်ပြရာတွင် အလုပ်ရှင်ပြောင်းလဲမှုမရှိသည့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန

တည်နေရာပြောင်းလဲလုပ်ကိုင်လိုလျှင် လိုက်ပါလိုခြင်းမရှိသည့် အလုပ်သမားများကိစ္စကို ဖော်ပြထားခြင်းမရှိပါ။

၂၀။ အလုပ်ရှင်ပြောင်းလဲမှုမရှိသော်လည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတည်နေရာ ပြောင်းလဲလုပ်ကိုင်လိုလျှင် နေရာအသစ်သို့လိုက်ပါလုပ်ကိုင်လိုခြင်းမရှိသည့် အလုပ်သမားများအား အလုပ်ရှင်သည် သတ်မှတ်သည့်အလုပ်ရပ်စဲမှုနစ်နာကြေးထုတ်ပေးရန် သက်ဆိုင်ရာအလုပ်သမား၊ အလုပ်သမားအစည်းအရုံးများနှင့် ညှိနှိုင်းသဘောတူညီမှုပြုလုပ်ရမည်ဟု အထက်ပါစာ စာပိုဒ်(၅)တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၂၁။ အလုပ်သမားများ၏တင်ပြချက်မှာ အချို့အလုပ်သမားများအား ပြောင်းရွှေ့လုပ်ကိုင်ရန်ပြောသူများပင်လျှင် ပြောင်းရွှေ့လုပ်ကိုင်လိုခြင်းမရှိဘဲ အလုပ်ရပ်စဲမှုနစ်နာကြေးကိုသာ ရရှိလိုကြောင်း၊ အလုပ်ဝင်ရောက်လုပ်ကိုင်ရန်ဆန္ဒမရှိကြောင်း တင်ပြသည်ကိုတွေ့ရှိရပါသည်။ အလုပ်သမား (၁၃၀) ခန့်ရှိရာတွင် အလုပ်သမား(၇၀)ကျော်က အလုပ်ဝင်ရောက်လုပ်ကိုင်ပြီး၊ ယခု(၅၂)ဦးက မဝင်ရောက်ခြင်းဖြစ်ပါသည်။ မဝင်ရောက်လိုသည့်အကြောင်းပြချက်များမှာ စက်ရုံသစ်တွင် ဝင်ရောက်လုပ်ကိုင်ရခြင်းမရှိသေးဘဲ ထိုစက်ရုံတွင်ကြုံလာမည်ဟု ထင်မြင်သောအချက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၂။ အလုပ်ရှင်ဘက်၏ တင်ပြချက်မှာ အလုပ်ထုတ်ခြင်းမဟုတ် အလုပ်ရပ်စဲခြင်းမဟုတ်သဖြင့် နစ်နာကြေးပေးစရာမလိုကြောင်း စသောအချက်များဖြစ်ပါသည်။

၂၃။ အလုပ်ရှင်ပြောင်းလဲမှုမရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ တည်နေရာဌာနပြောင်းလဲလုပ်ကိုင်မှုကို အထက်ပါအလုပ်သမားဝန်ကြီးဌာန၏ စာတွင် အလုပ်ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း ဖြစ်ပွားစေသည့် အကြောင်းအဖြစ် ထည့်သွင်းဖော်ပြထားမှုမရှိသဖြင့် အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းအရ ဆုံးဖြတ်ပေးရန်နည်းလမ်းထက် အလုပ်ရပ်စဲနစ်နာကြေးထုတ်ပေးရန် အလုပ်ရှင်သည် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားများနှင့် ညှိနှိုင်းသဘောတူညီမှုပြုလုပ်ရမည်ဟု အထက်ပါစာတွင် ဖော်ပြထားသည့်နည်းလမ်းကို ပိုမိုသတိချပ်ရန်လိုအပ်ကြောင်း သုံးသပ်ပါသည်။ ထိုစာပါ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်မှုသည် အကောင်းဆုံးနည်းလမ်းဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်ပါသည်-

**ဆုံးဖြတ်ချက်အမှတ်။**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး၊ အလုပ်ရှင်သည် ဝန်ကြီးဌာန၏ အထက် စာပိုဒ် (၂၀)ပါ နှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမားများ ညှိနှိုင်း၍ သဘောတူညီမှုတစ်ရပ်ကို (၂၂-၁၂-၂၀၁၇) ရက်နေ့ အတွင်းပြုလုပ်ရန်နှင့် ထိုသဘောတူညီမှုကို လှိုင်သာယာ မြို့နယ်၊ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနရုံးသို့ (၂၆-၁၂-၂၀၁၇)ရက်နေ့အတွင်း အလုပ်ရှင်မှပေးပို့ရန် ဆုံးဖြတ် လိုက်သည်။

(၂) လှိုင်သာယာမြို့နယ်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီး ဌာနသည် လက်ခံရရှိသည့် အထက်ပါသဘောတူညီချက်ကို လက်ခံရရှိသည့်နေ့မှ ရက်(၃၀)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| (signed) | (signed) | (signed) |
| ဒေါက်တာစောယုဝင်း | ဦးအောင်သန်း | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |